## အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများသို့သွားရောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း ကြည့်ရှုစစ်ဆေး ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၃ /၂၀၂၁)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများကို လျာထားချက်များ ရေးဆွဲ၍ ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအတွင်းရှိ နေရာများ၊ အကျဉ်းသား၊ အချုပ်သားများ၏ အသုံးအဆောင်များကို ကော်မရှင်ဥပဒေပုဒ်မ ၄၄ နှင့် အညီ ကြည့်ရှုစစ်ဆေးခြင်းများအပြင် အကျဉ်းသား၊ အချုပ်သားများကို လွတ်လပ်စွာ သီးခြားတွေ့ဆုံ မေးမြန်းခြင်းများပါ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကြည့်ရှုစစ်ဆေးခဲ့သည်များကို သတင်း ထုတ်ပြန်ချက်အမှတ်စဉ် (၁၁/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ အကျဉ်းထောင် (၂) ခု၊ အချုပ်ထောင် (၁) ခု၊ အကျဉ်းစခန်း (၂) ခု၊ ရဲစခန်း အချုပ်ခန်း (၃) ခု၊ တရားရုံးအချုပ်ခန်း (၃) ခုနှင့် ဆေးရုံအချုပ်ခန်း (၃) ခု တို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) ဩဂုတ်လ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် မြင်းခြံဗဟိုအကျဉ်းထောင်၊ မြင်းခြံ မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

(ခ) ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ မော်လမြိုင်အချုပ်ထောင်၊ ဘားအံ အကျဉ်းထောင်နှင့် မာလာဖူးကုန်ထုတ်စခန်း၊ လက္ခဏ စိုက်/မွေးစခန်း၊ မော်လမြိုင် မြို့နှင့် ဘားအံမြို့ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

၄။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေး အစီအမံ များကြောင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများနှင့် အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး ခြင်းကို ယာယီ ရပ်ဆိုင်းထားခဲ့ရပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား/သူ၊ အချုပ်သား/သူ (၄၃) ဦးတို့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏ အခက်အခဲများ၊ လူ့အခွင့်အရေးချိုးဖောက် ခံရမှုများ၊ တရားရေးဆိုင်ရာ တင်ပြချက်များအပေါ် မှတ်တမ်းတင်စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုချက်

များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းများပြုလုပ်ခဲ့ပါသည်။

၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ/ မညီ" ကြည့်ရှုစစ်ဆေးရာ အောက်ပါစစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့ အကြံပြုခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ကျန်းမာရေးဆိုင်ရာ | - | ၅ | ချက် |
| (ခ) | ပညာရေးဆိုင်ရာ | - | ၁ | ချက် |
| (ဂ) | အုပ်ချုပ်မှုဆိုင်ရာ | - | ၁၈ | ချက် |
| (ဃ) | အကျဉ်းထောင်ပြောင်းရွှေ့လိုခြင်း | - | ၅ | ချက် |
| (င) | သန့်ရှင်းရေးဆိုင်ရာ | - | ၇ | ချက် |
| (စ) | အဆောက်အဦဆိုင်ရာ | - | ၃ | ချက် |
| (ဆ) | အကျဉ်းသားမိသားစုနှင့်အဆက်အသွယ်ရလိုခြင်း | - | ၁ | ချက် |
| (ဇ) | ထောင်ဝင်စာတွေ့ဆုံမှု | - | ၁ | ချက် |
| (ဈ) | အစားအသောက်ဆိုင်ရာ | - | ၂ | ချက် |
| | စုစုပေါင်း | - | ၄၃ | ချက် |

၇။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ယခုကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေကိုလည်း အခါအားလျော်စွာ ပြန်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်